FoodShare WISCONSIN

အသက် ၁၈ နှစ်မှ ၄၉ နှစ်အထိရှိ အရွယ်ရောက်သူများအတွက် အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်
THE WORK REQUIREMENT FOR ADULTS AGES 18 THROUGH 49

အသက် ၁၈ နှစ်မှ ၄၉ နှစ်အထိရှိ အရွယ်ရောက်သူများအတွက် အလုပ်ကိုင်ဆိုင်ရာ သတ်မှတ်ချက်မှာ အဘယ်နည်း။

FoodShare အဖွဲ့ဝင်အချို့သည် အကျိုးခံစားခွင့်များ ဆက်လက်ရရှိစေရန် ဖယ်ဒရယ် သတ်မှတ်ချက်များဖြင့် ပြည့်မီကိုက်ညီရန် လိုအပ်သည်။ ဤအချက်သည် မိမိ အိမ်တွင် အသက် ၁၈ နှစ် အောက်ကလေးများ နေထိုင်ခြင်း မရှိကာ၊ ကင်းလွတ်ခွင့်တစ်ခု မရှိသော အသက် ၁၈ နှစ်မှ ၄၉ နှစ်အရွယ်များနှင့် သက်ဆိုင်သည်။

အလုပ်အကိုင်ဆိုင်ရာသတ်မှတ်ချက်နှင့် ကျွန်ုပ်မည်သို့ ကိုက်ညီနိုင်မည်နည်း။

အလုပ်အကိုင်ဆိုင်ရာသတ်မှတ်ချက်နှင့် ကိုက်ညီစေမည့် နည်းလမ်းသုံးခုမှာ-

1. တစ်လအတွင်း အနည်းဆုံး နာရီ ၈၀ အလုပ်လုပ်ကိုင်ပါ။
2. အောက်ပါကဲ့သို့ လစဉ်အနည်းဆုံး နာရီ ၈၀ ခွင့်ပြုနိုင်သည့် အလုပ်အကိုင်အစီအစဉ် တစ်ခုတွင်ပါဝင်ပါ -
   - FoodShare Employment and Training (FSET)။
   - Wisconsin Works (W-2)။
   - Workforce Innovation and Opportunity Act (WIOA) အရ အစီအစဉ်အချို့။
3. ခွင့်ပြုထားသော အလုပ်အကိုင်အစီအစဉ် တစ်ခုတွင် လစဉ်အနည်းဆုံး စုစုပေါင်းနာရီ ၈၀ နာရီ အတွက် အလုပ်လုပ်ကိုင်ခြင်းရော ပါဝင်ခြင်းပါ ပြုလုပ်ပါ။

ကျွန်ုပ်သည် အလုပ်ကိုင်ဆိုင်ရာသတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုအပ်သည့် အရွယ်ရောက်သူတစ်ဦး ဖြစ်လျှင် မည်သည့်အချိန်၌ စတင်ဖြည့်ဆည်းရမည်နည်း။

FoodShare အကျိုးခံစားခွင့်များရရှိသည့် ပထမဆုံးလတွင် အလုပ်ကိုင်ဆိုင်ရာသတ်မှတ်ချက်များ စတင်ဖြည့်ဆည်းရန် လိုအပ်သည်။ FoodShare လျှောက်လွှာ တစ်စောင်အား အတည်ပြုပြီးချိန်တွင် အလုပ်ကိုင်ဆိုင်ရာသတ်မှတ်ချက်နှင့် ကိုက်ညီရန်လိုအပ်သော လျှောက်လွှာတွင်ရှိသူများအား FSET အစီအစဉ်သို့ ညွှန်းဆိုလွှဲပြောင်းပေးပါမည်။

အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်မှ မည်သည့် အသက် ၁၈ နှစ်မှ ၄၉ နှစ် အထိရှိ အရွယ်ရောက်သူများ ကင်းလွတ်သနည်း။

အောက်ပါအချက်အလက်တစ်ခုခု မှန်ကန်ပါက သင်သည် ကင်းလွတ်နိုင်ပြီး အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်ကို ဖြည့်ဆည်းရန် မလိုပါ-

- FoodShare အိမ်ထောင်စုတစ်ခုတည်းတွင် ပါဝင်သည့် အသက် ၁၈ နှစ်အောက် ကလေးငယ်တစ်ဦးနှင့် သင်အတူတကွ နေထိုင်နေခြင်း။
- သင်သည် မိမိကိုယ်ကိုယ် စောင့်ရှောက်မှုမပြုနိုင်သူတစ်ဦး အား အဓိက ပြုစုစောင့်ရှောက်ပေးရသူဖြစ်ခြင်း။
- သင်သည် မှီခိုနေရသည့် အသက် ၆ နှစ် အောက် ကလေးငယ်တစ်ဦးအား အဓိက ပြုစုစောင့်ရှောက်ပေးရသူ ဖြစ်ခြင်း။
- သင်သည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင် ရာအရ အလုပ် မလုပ်ကိုင်နိုင်ခြင်း။ ဤတွင် ရေရှည်နေအိမ်မဲ့မှု ပါဝင်သည်။ ရေရှည်နေအိမ်မဲ့မှု ဆိုသည်မှာ - လာမည့်ညပေါင်း ၃၀ ကြာအောင် ပုံမှန် နေထိုင်စရာ တစ်နေရာ မရှိခြင်းကိုဆိုလိုသည်။
- သင်သည် ကိုယ်ဝန်ဆောင်နေသူတစ်ဦး ဖြစ်နေခြင်း။
- အလုပ်လက်မဲ့အာမခံ သင်ရရှိနေခြင်း သို့ မဟုတ် လျှောက်ထားပြီးသူ တစ်ဦး ဖြစ်ခြင်း။
- သင် သည် အရက် သို့ မဟုတ် အခြားမူးယစ်ဆေးများ တလွဲသုံးမှု (AODA) ကုသရေးအစီအစဉ် တစ်ခုတွင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ခုတွင် ပါဝင်နေသူတစ်ဦးဖြစ်ခြင်း။
- သင်သည် အဆင့်မြင့်သင်ကြားမှုအဖွဲ့ အစည်း တစ်ခုခုတွင် အနည်းဆုံး အချိန်ဝက် စာရင်းသွင်း ထားသူ တစ်ဦးဖြစ်ခြင်း။
- သင်သည် အထက်တန်းကျောင်းတွင် အနည်းဆုံး အချိန်ဝက်တက်နေသော အသက် ၁၈ နှစ်နှင့် အထက်ရှိသူ တစ်ဦးဖြစ်ခြင်း။

- သင်သည် W-2 တွင် စာရင်းသွင်းထားပြီး W-2 သတ်မှတ်ချက်များကို လိုက်နာနေခြင်း။
- သင်သည် တစ်ပတ်လျှင် နာရီ ၃၀ သို့မဟုတ် ထို့အထက် အလုပ်လုပ် နေခြင်း သို့မဟုတ် နိုင်ငံတော်မှ ချမှတ်ထားသော အနည်းဆုံးလုပ်ခနှုန်းထားဖြင့် တစ်ပတ်လျှင် နာရီ ၃၀ သို့မဟုတ် ထို့အထက်လုပ်ခနှင့် ညီမျှသော လုပ်ခရနေခြင်း။
- သင်ဟာ အလုပ်လက်မဲ့ ကင်းလွတ်ခွင့်ရ နေရာတွင် နေထိုင်ခြင်း သို့မဟုတ် လူမျိုးစုနယ်မြေတွင် နေထိုင်သည့် လူမျိုးစုအဖွဲ့ဝင်တစ်ဦး သို့မဟုတ် အလုပ်လက်မဲ့ ကင်းလွတ်ခွင့်ရရေးတွင် ကြိုတင်စာရင်းပေးသွင်းထားသူ တစ်ယောက်ဖြစ်သည်။ အလုပ်လက်မဲ့ ကင်းလွတ်ခွင့်ရ နေရာများနှင့် လူမျိုးစုနယ်မြေများ သို့မဟုတ် ကြိုတင်စာရင်းပေးသွင်းထားသူများ စာရင်းအတွက် www.dhs.wisconsin.gov/fset/exemptions.htm သို့ သွားပါ။

မှတ်ချက် - သင့်တွင် ကင်းလွတ်ခွင့်တစ်ခု ရှိကြောင်း အထောက်အထား တင်ပြရန် လိုအပ်နိုင်ပါသည်။

အကယ်၍ အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်နှင့် မကိုက်ညီပါက မည်သို့ ဖြစ်မည်နည်း။

အကယ်၍ သင်သည် အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီရန် လိုအပ်သူတစ်ဦးဖြစ်ပြီး၊ သတ်မှတ်ချက်နှင့် မကိုက်ညီပါက၊ FoodShare အကျိုးခံစားခွင့်များ၏ ၃၆ လ (သုံးနှစ်) အချိန်ကာလတွင် သုံးလသာ သင် ခံစားနိုင်ရန် ကန့်သတ်ခြင်း ခံရနိုင်ပေသည်။ သုံးလ နောက်ပိုင်း FoodShare အကျိုးခံစားခွင့်များ ဆက်လက်ခံစားရန်အတွက် သင်သည် အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိရမည်၊ ကင်းလွတ်ခွင့် ရှိရမည် သို့ မဟုတ် သင်၏အချိန်ကာလ ၃၆ လ ကုန်ဆုံး သည်အထိ စောင့်ဆိုင်းရမည်။

အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီရန် အကူအညီကို ကျွန်ုပ် မည်သို့ရယူရမည်နည်း။

သင်သည် အလုပ်အကိုင်ဆိုင်ရာ သတ်မှတ်ချက်နှင့် ကိုက်ညီရန် လိုအပ်သူတစ်ဦးဖြစ်ပြီး၊ အလုပ်လုပ်ကိုင်နေသူ တစ်ဦး မဟုတ်ပါက သို့ မဟုတ် လစဉ်အနည်းဆုံး နာရီ ၈၀ အလုပ်အကိုင်အစီအစဉ်တွင် ပါဝင်နေခြင်း မရှိပါက၊ သို့ မဟုတ် ၎င်း အခြေအနေနှစ်ရပ်စလုံး ပေါင်းစပ်နေပါက၊ FoodShare အကျိုးခံစားခွင့်များအား သင်သက်တမ်းတိုးသည့်အခါ သို့ မဟုတ် လျှောက်ထားသည့်အခါ သင့်အား FSET အစီအစဉ်သို့ လွှဲပြောင်းခြင်း ခံရပါမည်။

FSET သည် အလုပ်အကိုင်ဆိုင်ရာသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိစေရန် သင့်အားကူညီနိုင်သည်။ အလုပ်အကိုင် စွမ်းရည်များ တည်ဆောက်မှုကူညီရန်နှင့် အလုပ်အကိုင် ရှာဖွေရန် FSET မှ အခမဲ့ဝန်ဆောင်မှုများ ပေးသည်။

FoodShare သို့ မဟုတ် FSET အစီအစဉ်အတွက် နောက်ထပ် အချက်အလက်များရယူရန်-

- www.dhs.wisconsin.gov/foodshare/index.htm သို့ သွားပါ
- သင်၏ ဒေသန္တရအဖွဲ့အစည်းကို ဆက်သွယ်ပါ။

သင်၏ အဖွဲ့အစည်းကို www.dhs.wisconsin.gov/forwardhealth/resources.htm တွင် ရှာဖွေပါ။ သို့ မဟုတ် ဤအချက်အလက် စာရွက်၏ စာမျက်နှာ ၃ ကိုကြည့်ပါ၊ သို့ မဟုတ် အသင်းဝင် ဝန်ဆောင်မှုများ ဌာနကို 800-362-3002 တွင် ဖုန်းခေါ်ဆိုပါ (TTY နှင့်ဘာသာပြန် ဝန်ဆောင်မှုများရရှိနိုင်သည်)။

Income Maintenance Consortiums and Tribal Agencies
(ဝင်ငွေထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းမ ျားနှင့် လူမ ိ ုးစုဆိုင်ရာ အေဂ င်စီမ ား) ဆက်သွယ်ရမည့် အခ က်အလက်

ဝင်ငွေထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းမ ား (အေဂ င်စီမ ားဟု မကြာခဏ ခေါ်လေ့ရှိသည်)များနှင့် လူမ ိ ုးစုဆိုင်ရာ အေဂ င်စီမ ားသည် Medicaid၊ BadgerCare Plusများနှင့် FoodShare ကဲ့သို့ အစီအစဉ်မ ားအတွက် အရည်အခ င်း ပြည့်မှီသော ဝန်ဆောင်မှုမ ားဖြင့် သင့်ကို ကူညီပေးနိုင်ပါသည်။ အောက်ဖော်ပြပါဇယားတွင် ဝင်ငွေထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းမ ျားနှင့် လူမ ိ ုးစုဆိုင်ရာ အေဂ င်စီမ ားကို အကျဉ်းချုပ်ဖြင့် စာရင်းပြု စုထားပြီး အဖွဲ့အစည်း တစ်ခုခ င်းစီကို ဖွဲ့စည်းထားသော ကောင်တီခရိုင်မ ျားနှင့် တယ်လီဖုန်းနံပါတ်မ ားလည်း ပါဝင်သည်။ သင်၏အရည်အခ င်း ပြည့်မှီမှု သို့မဟုတ် အမှုကိစ္စများနှင့် ပတ်သက်၍ သင့်တွင် မေးခွန်းမ ားရှိပါက သင့်ကောင်တီခရိုင် သို့မဟုတ် သင်၏လူမ ိ ုးစု အေဂ င်စီကို ကိုယ်စားပြု သည့် အဖွဲ့အစည်းကို ဆက်သွယ်ပါ။

Bad River Band of Lake Superior Tribe of Chippewa Indians			**715-682-7127**
Bay Lake			**888-794-5747**
• Brown • Door	• Marinette • Oconto	• Shawano	
Capital			**888-794-5556**
• Adams • Columbia • Dane	• Dodge • Juneau • Richland	• Sauk • Sheboygan	
Central			**888-445-1621**
• Langlade • Marathon	• Oneida • Portage		
East Central Income Maintenance Partnership			**888-256-4563**
• Calumet • Green Lake • Kewaunee	• Manitowoc • Marquette • Outagamie	• Waupaca • Waushara • Winnebago	
Forest County Potawatomi Community			**715-478-4433**
Great Rivers			**888-283-0012**
• Barron • Burnett • Chippewa • Douglas	• Dunn • Eau Claire • Pierce	• Polk • St. Croix • Washburn	
Lac Courte Oreilles Band of Lake Superior Tribe of Chippewa Indians of Wisconsin			**715-634-8934**
Lac du Flambeau Band of Lake Superior Tribe of Chippewa Indians			**715-588-4235**
Menominee Indian Tribe of Wisconsin			**715-799-5137**
Milwaukee Enrollment Services (MilES)			**888-947-6583**
Milwaukee			
Moraine Lakes			**888-446-1239**
• Fond du Lac • Ozaukee	• Walworth • Washington	• Waukesha	
Northern			**888-794-5722**
• Ashland • Bayfield • Florence • Forest	• Iron • Lincoln • Price • Rusk	• Sawyer • Taylor • Vilas • Wood	
Oneida Nation			**800-216-3216**
Red Cliff Band of Lake Superior Chippewa			**715-779-3706**
Sokaogon Chippewa Community			**715-478-3265**
Southern			**888-794-5780**
• Crawford • Grant • Green	• Iowa • Jefferson	• Lafayette • Rock	

Stockbridge-Munsee Community			**715-793-4032**
Western Region for Economic Assistance			**888-627-0430**
• Buffalo • Clark • Jackson	• La Crosse • Monroe • Pepin	• Trempealeau • Vernon	
Wisconsin's Kenosha Racine Partnership (WKRP)			**888-794-5820**
• Kenosha	• Racine		

ဝင်ငွေထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းမ ျားနှင့် လူမှု ုးစုဆိုင်ရာ အေဂ င်စီမ ား၏ မြေပ



WISCONSIN DEPARTMENT of HEALTH SERVICES

Division of Medicaid Services
P-02342BU (02/2019)

အပိုင်း (၈) ခွဲခြားဆက်ဆံခံရမှုမရှိခြင်း

ပြည်ထောင်စုဗဟိုအစိုးရ လူမှုအခွင့်အရေးများဆိုင်ရာဥပဒေ နှင့် The U.S. Department of Agriculture (USDA) ပြည်ထောင်စုလယ်ယာစိုက်ပျိုး ရေး ဌာန(ယူအက်စ်ဒီအေ) လူမှုအခွင့်အရေးများဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများနှင့်အညီ၊ အဆိုပါ ပြည်ထောင်စုလယ်ယာ စိုက်ပျိုးရေးဌာန (USDA) အနေဖြင့် စားသုံးသူ ပြည်သူများ၊ ဝန်ထမ်းများ၊အလုပ်လျှောက်ထားသူများ အား လူမျိုး၊ အသားအရောင်၊ မူလနိုင်ငံသား၊ အသက်၊ မသန်စွမ်းမှု၊ လိင်၊ အမျိုးသား/ အမျိုးသမီး ခွဲခြားမှု၊ ဘာသာရေး၊ လက်တုန့်ပြန်ခြင်း များအပြင်၊ သင့်တော်သလို လိုအပ်လျှင် နိုင်ငံရေး ခံယူချက်၊ အိမ်ထောင်ရေး အခြေအနေ၊ မိသားစု နှင့် မိဘအုပ်ထိမ်းသူများအခြေအနေ၊ လိင်စိတ်ခံယူမှု၊ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် ၏ ဝင်ငွေအချက်အလက်များကို အများပြည်သူများ အတွက် ထောက်ပံ့သော အစီစဉ်မှ (သို့ မဟုတ်) တားမြစ်ကန့် သတ်ထားသော မျိုးရိုးဗီဇအချက်အလက်များကို အလုပ်ခွင်၊ အလုပ်ဌာနမှ (သို့ မဟုတ်) လယ်ယာစိုက်ပျိုးရေး ဌာန(USDA)၏ အထောက်အပံ့နှင့် လည်ပတ်နေသော အစီစဉ်များမှ ထုတ်ယူခြင်း၊ အသုံးပြုခြင်းများကို တားမြစ်ပိတ်ပင်ထားသည်။

အစီအစဉ်ဆိုင်ရာ အချက်အလက်များအတွက် အခြားနည်းလမ်း(ဥပမာ၊ ဘရေးလ်၊ စာလုံးကြီးဖြင့် ပုံနှိပ်ပေးရန်၊ အသံခွေ၊ အမေရိကန် သကေတ်ပြ ဘာသာစကား စသဖြင့်) ဆက်သွယ်ရန် လိုအပ်သူတို့သည် အကျိုးခံစားခွင့်များအတွက် လျှောက်လွှာတင်ခဲ့ကြသည့် အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသန္တရ) သို့ ဆက်သွယ်ကြရပါမည်။ နားမကြား အကြားအာရုံ ပြဿနာရှိသူ သို့မဟုတ် စကားပြောရာမှာ အခက်အခဲ ရှိသူတို့သည် ပြည်ထောင်စု ဗဟိုအစိုးရ ဆက်သွယ်ရေး ဝန်ဆောင်မှု (Federal Relay Service) (800) 877-8339 (၁-၈၀၀-၈ရရ-၈၃၃၉) သို့ ခေါ်ဆိုနိုင်ပါသည်။ ထို့အပြင် အစီအစဉ်ဆိုင်ရာ အချက်အလက်များကို အင်္ဂလိပ် အပြင် အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။

ခွဲခြားဆက်ဆံခံရမှုဆိုင်ရာ မကျေနပ်ချက်ကို တိုင်ကြားလိုပါက အင်တာနက်စာမျက်နှာလိပ်စာ https://www.ascr.usda.gov/filing-program-discrimination-complaint-usda-customer တွင် (သို့မဟုတ်) ~~ပြည်ထောင်စုစိုက်ပျိုးရေးဌာန (USDA) မည့်သည့်ရုံးခွဲတွင်မဆို ရနိုင်သည့် USDA~~ Program Discrimination Complaint Form (AD 3027) ခွဲခြားဆက်ဆံရမှု တိုင်ကြားရန်ပုံစံ (အေဒီ ၃၀၂၇) ကိုရေးဖြည့် ပြီး ပြည်ထောင်စု စိုက်ပျိုးရေး ဌာန (USDA) သို့ အောက်ပါလိပ်စာများအတိုင်း တိုင်ကြားနိုင်သည်။ ထို့ပြင် တိုင်ကြားချက် ပုံစံကို တယ်လီဖုန်းအမှတ် (866-632-9992) (၁-၈၆၆-၆၃၂-၉၉၉၂) သို့ ခေါ်ဆိုတောင်းယူနိုင်ပါသည်။

(1) စာတိုက်မှ - U.S. Department of Agriculture

Office of the Assistant Secretary for Civil Rights
1400 Independence Avenue, SW
Washington, D.C. 20250-9410

(2) ဖက်စ် - (202) 690-7442

(3) အီးမေးလ် - program.intake@usda.gov

ဤဌာနသည် အလုပ်အကိုင် အခွင့်အရေးတန်းတူပေးသော အလုပ်ရှင်ဖြစ်ပါသည်။